ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အုတ်တွင်းမြို့နယ်

# ကြံသီးနှံ စက်စိုက်စနစ်နှင့် တောင်သူရိုးရိုးစိုက်စနစ် အကျိုးအမြတ် နှိုင်းယှဉ်စံပြကွက်ဆောင်ရွက်ထားရှိမှုအခြေအနေ တင်ပြချက်

ဦးခင်ဇော်
လက်ထောက်ဦးစီးမှူး
အုတ်တွင်းမြို့နယ်

# ဒေသဆိုင်ရာအချက်အလက်များ




အကျယ်အဝန်း - ၅၃၄.၆၈ စတုရန်းမိုင်

စိုက်ပျိုးမြေ - ၁၆၉၂၀၀ ဧက

သီးနှံစိုက်စွမ်းအား - ၁၇၃.၇၅ %

ကျေးရွာအုပ်စု - (၅၁)အုပ်စု

တောင်သူပေါင်း - ၁၇၇၅၁

လူဦးရေ - ၁၇၇၇၈၉

မိုးရေချိန်(ပျမ်းမျှ) - ၈၁.၂၅ လက်မ

**ကြံစိုက်ဧက - ၁၅၄၀ ဧက**

# နိဒါန်း

- မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ကြံသီးနှံသည် နိုင်ငံခြားဝင်ငွေနှင့် ပြည်တွင်းစားသုံးမှု တိုးတက်လာသဖြင့်တောင်သူများ ပိုမိုစိုက်ပျိုး၍ ဝင်ငွေတိုးတက်စေရန်သမရိုးကျစိုက်ပျိုးနည်းစနစ်များမှ စက်မှုကိရိယာများဖြင့်စိုက်ပျိုးတတ်လာစေရန် ဖြစ်ပါသည်။
- ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် ရာသီဥတုအခြေအနေပေါ်မူတည်၍ ပြုစုမှုစနစ်ကောင်းများ ဆောင်ရွက်ရုံသာမက မိမိဒေသနှင့်သင့်လျော်သော အထွက်ကောင်းကြံမျိုးကောင်းမျိုးသန့်၊ စိုက်နည်းစနစ်များကို အသုံးပြုနိုင်မှသာလျှင် မျှော်မှန်းအထွက်နှုန်းကို ရရှိနိုင်မည်ဖြစ်ပါသည်။

# ရည်ရွယ်ချက်

- ❖ လုပ်သားရှားပါးသော ဒေသများတွင် စက်စိုက်စနစ်ကို အသုံးပြုစိုက်ပျိုးလာပြီး ကြံသီးနှံစိုက်ဧကများ တိုးချဲ့စိုက်ပျိုးလာစေရန်
- ❖ တောင်သူဦးကြီးများ စိုက်စနစ်များ၏ အားသာချက်၊ အားနည်းချက်များကိုသိရှိနားလည်စေပြီး မိမိလယ်မြေရာသီဥတုပေါ်အခြေခံ၍ **မှန်ကန်သောစိုက်စနစ်ဖြင့်** ရွေးချယ်စိုက်ပျိုးတတ်လာစေရန်။
- ❖ ကြံသီးနှံအထွက်နှုန်းတိုးတက်လာပြီး တောင်သူများဝင်ငွေတိုးတက်လာစေရန်

# စံပြကွက်ဆောင်ရွက်ရသည့်အကြောင်းအရင်း

- မိမိဒေသတွင်း လုပ်သားရှားပါးမှုပြဿနာများအား ဖြေရှင်းနိုင်ရန်
- ကြံသီးနှံ စက်စိုက်စနစ်အဖြင့်စိုက်ပျိုးခြင်းနည်းလမ်းအား တောင်သူများ တွင်တွင်ကျယ်ကျယ် လိုက်နာဆောင်ရွက်လာစေရန်
- စိုက်ပျိုးစရိတ်သက်သာပြီး အချိန်တိုအတွင်း စိုက်ပျိုးနိုင်စေရန်
- ကြံသီးနှံအထွက်နှုန်းတိုးတက်လာပြီး တောင်သူများဝင်ငွေတိုးတက်လာစေရန်

# စံပြကွက် ဆောင်ရွက်နိုင်မှု အခြေအနေ

- ကျေးရွာအုပ်စု – သရက်ပင်မောင်နှမ
- တောင်သူအမည် – ဦးကျော်နီထူး
- ကွင်းအမှတ် – ၃၅၃/ဂ
- မျိုးအမည် – 95/84
- တစ်ဧကမျိုးအသုံးပြုမှု (စက်စိုက်/တောင်သူစိုက်) – (၅)တန်း / ဧက
- (စက်စိုက်တန်းကြား) – (၄)ပေ
- (တောင်သူစိုက်တန်းကြား) – (၄)ပေ

# စံပြကွက်တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များ

- ကြံသီးနှံမျိုးကောင်းမျိုးသန့်များ အသုံးပြုခြင်း၊
- မှိုရောဂါကာကွယ်နိုင်ရန် ကြံမျိုးပိုင်းများ ဆေးစီရင်ခြင်း၊
- မြေဆီလွှာဓါတ်ခွဲစမ်းသပ်မှုအရ လိုအပ်သော အဟာရဓါတ်များဖြည့်သွင်းပေးခြင်း၊
- သဘာဝမြေဩဇာနှင့်ကြံချေးမြေဩဇာထည့်သွင်းပေးခြင်း၊
- သင့်တော်သော ရေပေးသွင်းနည်းစနစ်ဖြင့် စိုက်မြောင်းကြား ရေပေးသွင်းခြင်း၊
- ဘက်စုံပိုးမွှားရောဂါများ ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း
- ပေါင်းမြက်ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း
- အပင်ပြုစုစောက်ရှောက်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း

# လအလိုက်ဆောင်ရွက်ခဲ့သည့်လုပ်ငန်းဇယား

| စဉ် | အကြောင်းအရာ | ဇန် | ဖေ | မတ် | ဧပြီ | မေ | ဇွန် | ဇူ | ဩ | စက် | အောက် | နို | ဒီ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | မြေပြုပြင်ခြင်း | | | | | | | | | ← | — | → | |
| ၂ | စိုက်ပျိုးခြင်း | | | | | | | | | | | | ↔ |
| ၃ | အပင်ပြုစုခြင်း | ← | — | — | — | — | — | — | — | — | → | | |
| | (က)ကျင်းစာကျွေး ရေတင်ခြင်း | | ← | — | → | | | | | | | | |
| | (ခ)ဘောင်ကြီး လုံးခြင်း | | | | | ← | → | | | | | | |
| | (ဂ)ကြံရွက်ချခြင်း | | | | | | | | ← | — | → | | |
| ၄ | ခုတ်သိမ်း ရောင်းချခြင်း | | | | | | | | | | | ↔ | |

# စံပြကွက်စိုက်ပျိုးရန် မြေပြုပြင်ခြင်းနှင့်ကြောင်းဆွဲခြင်းမှတ်တမ်း





# မြေခံမြေဩဇာထည့်သွင်းရန် ဆောင်ရွက်ခြင်း နှင့် မျိုးပိုင်းဆေးစီရင်ခြင်း မှတ်တမ်းများ





# စိုက်ပျိုးခြင်းမှတ်တမ်း









# အပင်ငယ်ပြုစုခြင်းနှင့်ပေါင်းရှင်းခြင်းမှတ်တမ်း









# ကျင်းစာကျွေးဘောင်လုံးခြင်းမှတ်တမ်း





# အပင်အောင်မြင်ဖြစ်ထွန်းနေပုံ

စက်ဖြင့်စိုက်ပျိုးခြင်း



တောင်သူနည်းဖြင့်စိုက်ပျိုးခြင်း



# စံပြကွက် ခုတ်သိမ်းခြင်းမှတ်တမ်း






# ကြံသီးနှံစံပြကွက် ဆောင်ရွက်ခဲ့သည့်အခြေအနေ

| စဉ် | စိုက်နည်းစနစ် | မျိုးကွဲ အမည် | စိုက် | ရိတ် | နှုန်း | ထွက် |
|---|---|---|---|---|---|---|
| ၁ | စက်ဖြင့်စိုက်ပျိုးနည်းစနစ် | K 95/84 | ၀.၅၀ | ၀.၅၀ | ၃၂ | ၁၆ |
| ၂ | တောင်သူနည်းဖြင့် စိုက်ပျိုးနည်းစနစ် | K 95/84 | ၀.၅၀ | ၀.၅၀ | ၃၀ | ၁၅ |

# စံပြကွက်ဆောင်ရွက်ခြင်း၏ ရလဒ်များ

| စဉ် | အကြောင်းအရာ | စက်စိုက်နည်းဖြင့် စိုက်ပျိုးခြင်း | တောင်သူနည်းဖြင့် စိုက်ပျိုးခြင်း |
|---|---|---|---|
| ၁ | မြေယာပြုပြင်ခြင်း | ၁၄၀၀၀၀/- | ၁၄၀၀၀၀/- |
| ၂ | စိုက်ပျိုးခြင်း | ၁၀၀၀၀၀/- | ၁၆၀၀၀၀/- |
| ၃ | သွင်းအားစုထည့်သွင်းခြင်း | ၆၀၀၀၀၀/- | ၆၀၀၀၀၀/- |
| ၄ | အပင်ပြုစုစောင့်ရှောက်ခြင်း | ၁၅၀၀၀၀/- | ၁၅၀၀၀၀/- |
| ၅ | ခုတ်သိမ်းခြင်း | ၃၈၄၀၀၀/- | ၃၆၀၀၀၀/- |
| ၆ | အထွက်နှုန်း | ၃၂တန် | ၃၀ တန် |
| | စုစုပေါင်းကုန်ကျစရိတ် | ၁၃၇၄၀၀၀/- | ၁၄၁၀၀၀၀/- |
| | ဝင်ငွေ | ၂၁၄၄၀၀၀/- | ၂၀၁၀၀၀၀/- |
| | အကျိုးအမြတ် | ၇၇၀၀၀၀/- | ၆၀၀၀၀၀/- |

# စံပြကွက်ဆောင်ရွက်ခြင်း၏ ရလဒ်များ



# သုံးသပ်အကြံပြုချက်

ကြံသီးနှံအား စက်စိုက်စနစ်ဖြင့် စိုက်ပျိုးခြင်းအားဖြင့် လုပ်သားရှားပါးမှုပြဿနာအားဖြေရှင်းနိုင်ခြင်း၊ အချိန်တိုအတွင်း စိုက်ဧကများစွာစိုက်ပျိုးနိုင်ခြင်း တောင်သူစိုက်စနစ်နှင့် အကျိုးအမြတ်များစွာ ကွာခြားမှုမရှိသော်လည်း ရေရှည်အတွက် အလားအလာကောင်းပြီး စိုက်ပျိုးသင့်သော စိုက်နည်းစနစ်တစ်ခုဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အုတ်တွင်းမြို့နယ်အနေဖြင့် လုပ်သားရှားပါးမှုပြဿနာ ဖြေရှင်းနိုင်ရန်နှင့် အချိန်တိုအတွင်း စိုက်ဧကများစွာစိုက်ပျိုးဆောင်ရွက်နိုင်ပြီး အထွက်နှုန်းကောင်းများ ရရှိရန်အတွက် စက်စိုက်နည်းစနစ်ဖြင့်စိုက်ပျိုးခြင်းအား တွင်တွင်ကျယ်ကျယ် အသုံးပြုစိုက်ပျိုးရန် သုံးသပ်အကြံပြုအပ်ပါသည်။

# လမ်းညွှန်မှုကို ခံယူပါသည်။